# မာတိကာ


| | |
|---|---|
| ပွဲတော်မင်္ဂလာ (ပြန်လည်ပြုပြင်သောကာလ) | ၃ |
| ပသခါပွဲ၏ ပြည့်စုံခြင်း | ၄ |
| နေ့စဉ်ပူဇော်သကာကို ပြည့်စုံစေခြင်း | ၆ |
| ထာဝရဘုရားအား ပူဇော်သော ယဇ်ပလ္လင် | ၉ |
| အသစ်သော ပဋိညာဉ် | ၁၃ |
| ပွဲတော်မင်္ဂလာအတွက် ရှင်ပေါလု၏ သွန်သင်ချက်များ | ၁၅ |
| ကနဦးအသင်းတော်သည် မုန့်ကို နေ့စဉ်ဖွဲ့ခဲ့ကြသည် | ၂၄ |
| ကြွလာတော် မမှုမီတိုင်အောင် | ၂၇ |
| မကြာခဏမေးလေ့ရှိသော မေးခွန်းများ | ၂၉ |

၁။

# ပွဲတော်မင်္ဂလာ

**ပြန်လည်ပြုပြင်သောကာလ**

တမန်တော် ဝတ္ထု ၃း၁၅-၂၁ တွင် အလုံးစုံသော အရာတို့ကို အသစ်ပြုပြင်တော်မူသော ကပ်ကာလမရောက်မှီတိုင်အောင် ကောင်းကင်ဘုံ သည် ခရစ်တော်ကို ခံယူသိမ်းဆည်းရမည်ဟု ရှင်ပေတရုက ပြောခဲ့ပါသည်။ ဤနောက်ဆုံးသောကာလတွင် ဘုရားသခင်သည် အသင်းတော်၌ ပွဲတော်မင်္ဂလာကို ပြင်ဆင်မွမ်းမံနေပါသည်။ ကမ္ဘာအနှံ့အသင်းတော်များတွင် ပွဲတော်မင်္ဂလာကို အလေးမထားကြတော့ပါ။ ထို့ကြောင့် အသင်းတော်၏ လှုပ်ရှားမှုတွင် အလွန်အရေးပါသော အစိတ်အပိုင်းမှာ ပျောက်လျက် ရှိနေပါသည်။ ယုံကြည်သူများသည် ယေရှုကိုယ်တိုင်တည်ထောင်ထားသည့် ပွဲတော်မင်္ဂလာ၌ သူနှင့်အတူ အကျွမ်းတဝင် တွေ့ဆုံခြင်းမရှိရန် ရန်သူ၏ လုယက်ခြင်းကို ခံရသည်။ ယုံကြည်သူများသည် ပဋိညာဉ်တရားသစ်၏ အမွေဆက်ခံခြင်း ကောင်းကြီးမင်္ဂလာကို မရရှိနိုင်ရန် လုယက်ခြင်း ခံနေရ လေသည်။

ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းအားဖြင့် ရရှိစေသည့် ရပ်တည်ချက် များကို ကျွန်တော်တို့မသိတော့ပါ။ ယေရှုက ကျွန်တော်တို့သည် ထိုခွက်နှင့် ထိုမုန့်ကို သုံးဆောင်သည့်အခါ သူ့ကို အောက်မေ့ဖို့ရန် မိန့်တော်မူခဲ့သည်။ (၁ကော သ း ၂၄ - ၂၅)

ရှင်ပေါလုက **'သင်တို့သည် ထိုမုန့်ကို စား၍ ထိုခွက်ကို သောက်သောအခါ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီ တိုင်အောင် ပြုကြ၏'** ဟု ဆိုသည်။ (၁ကော ၁၁း၂၆)။ ဤကျမ်းပိုဒ်က ကျွန်တော်တို့သည် ပွဲတော်မင်္ဂလာသုံးဆောင်သည့်အခါတိုင်း သခင်ခရစ်တော်၏ သေခြင်းကို အောက်မေ့ခြင်း၊ အသစ်သော ကတိတော်များ နှင့် မစခြင်းများကိုသာ လက်ခံရရှိခြင်းမဟုတ်ဘဲ သူပြန်လာခြင်းအတွက် မိမိကိုယ်ကို ပြင်ဆင်လျက် မျှော်လင့်ရမည်ကိုလည်း ဆိုလိုပါသည်။

## ၂။
# ပသခါပွဲ၏ ပြည့်စုံခြင်း (ထွက် ၁၂း၁-၁၄)။

ပသခါပွဲသည် အီဂျစ်ပြည်မှ လွတ်မြောက်ခြင်းကို အောက်မေ့သော အနေဖြင့် ဣသရေလလူမျိုးများ နှစ်စဉ်ကျင်းပသည့် အထိမ်းအမှတ်ပွဲဖြစ်သည်။

ထိုနေ့၌ ဘုရားသခင်သည် မောရှေကို ဣသရေလပရိသတ်အပေါင်း တို့အား **တစ်အိမ်ထောင်လျှင် သိုးသငယ်တစ်ကောင်စီယူရမည်** ဟု ညွှန်ကြား စေသည်။ **(ထွက် ၁၂း၃)** သိုး၏ အသွေးကို **တံခါးတုပ်နှင့် တံခါးတိုင် နှစ်ဖက်၌** သွန်းပြီး အချို့သော အသွေးကို ဖျန်းရမည်။ ထို့နောက် သိုး၏ အသားကို စားရမည်။ **(ထွက် ၁၂း၇)**။ သိုးသငယ်ကို ပူဇော်ရာတွင် အဓိက အစိတ်အပိုင်းမှာ အပြစ်အနာအဆာကင်းသော သိုးဖြစ်ရမည်။

သိုး၏ အသွေးက ဣသရေလများကို ဖျက်ဆီးသူမှ ကာကွယ်ပြီး သေခြင်းမှ လွတ်မြောက်စေပါသည်။

သိုးသငယ်၏ အသားသည် သူတို့ခရီးသွားဖို့ရန် ခွန်အား ဖြစ်စေပါသည်။

တစ်အိမ်ထောင်လုံးလွတ်မြောက်ခဲ့သည်။ တစ်အိမ်ထောင်လုံးက သိုး၏ အသားကို စားရမည်။

ယေရှုသည် ရန်သူလက်သို့ အပ်နှံခြင်း ခံသောနေ့ညမှာ သူ၏ တပည့်တော်များနှင့်အတူ ပသခါပွဲကို ကျင်းပခဲ့သည်။ **ထိုအခါ စားလျက် နေကြစဉ်တွင် ယေရှုသည် မုန့်ကို ယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကို ဖဲ့၍ ဤမုန့်ကား ငါ၏ ကိုယ်ဖြစ်၏ ယူ၍စားကြလော့ဟု မိန့်တော် မူလျက် တပည့်တော်တို့အား ပေးတော်မူ၏။ ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ သူတို့အား ပေးတော်မူ၍ သင်တို့ရှိသမျှ သည် သောက်ကြလော့' ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏ အပြစ်ကို လွတ်စေခြင်းငှာ သွန်းသောငါ၏ အသွေးဖြစ်၏။ မဿဲ ၂၆း ၂၆-၂၈။**

ယေရှုသည် လက်ဝါးကပ်တိုင်၌ သူ၏ အသွေးတော်ကို သွန်းလောင်း သည့် အချိန်တွင် ယဇ်ပူဇော်သော သိုးသငယ်နှင့် ပသခါပွဲ ပြည့်စုံခြင်း ဖြစ်လာသည်။ **ငါတို့ ပသခါ သိုးသငယ်သည် ငါတို့အဖို့ ယဇ်ပူဇော်ရာ ဖြစ်၏။(၁ကော ၅း၇)**။ သူ၏ တပည့်တော်များကို သွန်သင်ပေးရာတွင် သူ့ကို အောက်မေ့သည့်အခါခါ မုန့်နှင့်ခွက်ကို သုံးဆောင်ရန်ဖြစ်သည်။

၃။

# 'နေ့စဉ် ပူဇော်သကာကို ပြီးစီးစေခြင်း' (ထွက် ၂၉း၃၈-၄၆)

မောရှေ၏ ပညတ်အောက်တွင် နေ့စဉ်မပြတ် မနက်၊ ည ယဇ်ပူဇော် ရပါသည်။ ဘုရားသခင်သည် မောရှေအား **'နေ့တိုင်းအစဉ်မပြတ် နံနက်ယံ ၌ တစ်ကောင်၊ ညဦးယံ၌တစ်ကောင်ကို ပူဇော်ရမည်။ ထွက် ၂၉း၃၉။** သိုးသငယ်နှင့်အတူ **ဘောဇဉ်ပူဇော်သက္ကာနှင့် သွန်းလောင်းရာ ပူဇော် သက္ကာကို** ထားရှိရမည်ဟု မိန့်တော်မူခဲ့သည်။ (အငယ်၊ ၄၀)။

ဗတ္တိဇဆရာယောဟန်သည် ယေရှုကြွလာတော်မူသည်ကိုမြင်လျှင် **'ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လော့'** ဟု ကြွေးကြော်ခဲ့သည်။ ယေရှုသည် **'ကမ္ဘာဦးကပင် ကွပ်မျက်သော သိုးသငယ်'** ဖြစ်သည်။ **(ဗျာဒိတ် ၁၃း၈)။** ယေရှုသည် သိုးသငယ်ဖြစ်လာခြင်းဖြင့် နေ့စဉ် ပူဇော်သက္ကာကို ပြီးစီးစေပါသည်။ သူ့ကို အောက်မေ့ဖို့ရန် ဘောဇဉ်ပူဇော်သက္ကာနှင့် သွန်းလောင်းရာ ပူဇော်သက္ကာကို ကျွန်တော်တို့အား ပေးခဲ့သည်။

ယေရှုသည် ရန်သူ့လက်သို့ အပ်နှံခြင်းကို ခံသောနေ့ညမှာ ဘောဇဉ်ပူဇော်သက္ကာ-မုန့်ကို ယူပြီး သွန်းလောင်းရာပူဇော်သက္ကာ- ခွက်ကို လည်းယူ၍ **'ငါ့ကို အောက်မေ့ဖို့ရာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏' (လုကာ ၂၂း၁၉)။** ယေရှုသည် ပူဇော်သော သိုးသငယ်ဖြစ်လာသည့် အတွက်ကြောင့် သိုးသငယ်ပူဇော်ရန် မလိုအပ်တော့ပေ။ သို့သော်လည်း သူသည် ကျွန်တော်တို့ကို မုန့်ညက် (မုန့်) နှင့် စပျစ်ရည်ကို ထားခဲ့သည်။

## ဘုရားသခင် စကားပြောမည်

ယဇ်ပူဇော်ခြင်းကို **ထာဝရဘုရားရှေ့တော်၊ ပရိသတ်စည်းဝေးရာ တဲတော်တံခါးနားမှာ သင်နှင့်ငါတွေ့၍ စကားပြောရာအရပ်** ၌ ပြုလုပ်မည်ဟု ဘုရားသခင်မိန့်တော်မူ၏။ (အငယ်၊ ၄၂) နေ့စဉ်ပူဇော်သက္ကာကို ယူလာပြီး သူနှင့်အတူ အကျွမ်းတဝင်ဖြစ်လာသည့်အခါ သင်နှင့် ငါတွေ့၍ စကားပြော မည်ဆိုသည့်စကားကိုပြည့်စုံစေသည်။ သူ့မျက်မှောက်တော်ရောက်လာ၍ ကျွန်တော်တို့ထံ စကားပြောရန် မျှော်လင့်နိုင်ပါသည်။

သူ၏ စားပွဲတွင် ဘုရားသခင်ကို စောင့်မျှော်ရန် အချိန်ယူပါ။
ကျွန်တော်တို့ကို စကားပြောဖို့ မျှော်နေရမည်။
ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းကို အလောတကြီးမလုပ်ပါနှင့်။
ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းသည် ဘုရားသခင်ကို တွေ့ဆုံ သည့်အရပ်ဖြစ်ရမည်။

## သန့်ရှင်းစင်ကြယ်ခြင်း

ဘုရားသခင်က **'ထိုအရပ်၌ ဣသရလအမျိုးသားတို့နှင့် ငါတွေ့၍ ငါ့ဘုန်းတော်အားဖြင့် သူတို့ကို သန့်ရှင်းစေမည်။'(အငယ်၊ ၄၃)** ဟု ကတိပေးပါသည်။ ဓမ္မသစ်တွင် ကျွန်တော်တို့သည် ဘုရားသခင်၏ တဲတော်/ ဗိမာန်တော်/ ကျိန်းဝပ်ရာအရပ်ဖြစ်ကြောင်းကို နားလည်စေပါသည်။ **သင်တို့သည် ဘုရားသခင်၏ ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း၊ ဘုရား သခင်၏ ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်တော်မူသည်ကို လည်းကောင်း မသိကြသလော့ (၁ကော ၃း၁၆)**။ ပွဲတော်မင်္ဂလာခံယူ၍ သူနှင့်အတူ တွေ့ဆုံသည့်အခါ ကျွန်တော်တို့သည် သူ၏ အသွေးတော် အားဖြင့် သန့်ရှင်းစင်ကြယ်ပြီးသူဖြစ်ကြောင်းကို သိရသည်။ သူ၏ လူများနှင့် တွေ့ဆုံ၍ သူ၏ ဘုန်းတော်ကိုလည်း ထင်ရှားစေလိမ့်မည်။

## ထာဝရဘုရားသည် သူ၏ လူတို့တွင် နေလိမ့်မည်။

ထာဝရဘုရားက **'ဣသရေလအမျိုးသားတို့တွင် ငါနေ၍ သူတို့၏ ဘုရားဖြစ်လိမ့်မည်။ သူတို့၏ ဘုရားသခင်ထာဝရဘုရားဖြစ်ကြောင်းကို သူတို့သိကြလိမ့်မည်။ (ထွက် ၂၉း၄၅-၄၆)။** ဤကတိတော်များသည် **ယေရမိ ၃၁း၃၄** ထဲမှ ပဋိညာဉ်သစ်၏ လက္ခဏာအသွင်ပြင်ကို ရည်ညွှန်း ပါသည်။

ဘုရားသခင်သည် မည်သည့်အရာပေါ်တွင် အခြေခံပြီး အသင်းတော် ၌ ကျိန်းဝပ်ကာ ကျွန်တော်တို့သည် သူ၏ လူများဖြစ်ကြောင်းကို ပြောမည်နည်း။? သိုးသငယ်ကို ပူဇော်ခြင်းဖြင့် ကယ်တင်ခြင်း ယူဆောင်လာ သကဲ့သို့ ကျွန်တော်တို့သည် ယေရှု၏ ကိုယ်ခန္ဓာနှင့် အသွေးတော်ကို နေ့စဉ် ပူဇော်သက္ကာပြုခြင်းအားဖြင့်သာ ဖြစ်သည်။ ထိုသို့ပြုခြင်းဖြင့် ကျွန်တော်တို့သည် လောကီနှင့်မဆက်ဆံကြောင်းကိုပြပြီး ဘုရားသခင်ထံ မိမိကိုယ်ကို သီးသန့် ရှိခြင်းကိုဖော်ပြသည်။ သူနှင့်အတူ ရင်းရင်းနှီးနှီးတွေ့ဆုံသည့် အားလျော်စွာ သူ၏ ဘုန်းတော်အားဖြင့်

သန့်ရှင်းစင်ကြယ်ခြင်းရှိသည်။ ကျွန်တော်တို့၏ ကယ်တင်ခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းပြီး ကျွန်တော်တို့သည် နေ့စဉ်/ နံနက်+ည တွင် သူပြုခဲ့သော အမှုကို အသိအမှတ်ပြု ဖော်ပြခြင်းဖြင့် သူ့ထံလာရမည်။

## ၄။
## ထာဝရဘုရားအား ပူဇော်သော ယဇ်ပလ္လင်

ပွဲတော်မင်္ဂလာသည် အထိမ်းအမှတ်ပွဲ (သို့) အခမ်းအနားပွဲထက်ပိုပါ သည်။ ယခုအချိန်သည် ဘုရားသခင်အား ပူဇော်သော ယဇ်ပလ္လင်ကို ပြင်ဆင် မွမ်းမံရမည့်အချိန်ကာလဖြစ်ပါသည်။ ပွဲတော်သုံးဆောင်ခြင်းဖြင့် နတ်ဆိုး တို့အား ပူဇော်သော ယဇ်ကိုစားကာ နတ်ဆိုးတို့၏ စားပွဲ၌ တက်ရောက် သော သူများတွင် ဖြစ်တတ်သော နတ်ဆိုးချီနှောင်ခြင်းမှလည်း လွတ်မြောက် အောင်မြင်စေပါသည်။ **(၁ကော ၁၀း၂၀-၂၁)** နတ်ဆိုးများ၏ စားပွဲသို့ လာ၍ အောက်လမ်းပညာမှ တဆင့်ဖြစ်စေ၊ နတ်ဆိုးတို့၏ ယဇ်ပရောဟိတ်မှ တဆင့်ဖြစ်စေ၊ နတ်ဆိုးကို ပူဇော်သော ယဇ်ကို စားသုံးခြင်းမှဖြစ်စေ ထိုသူတို့အထဲတွင် နတ်ဆိုးကို လက်ခံခွင့်ပြုသည့် အတွက်ကြောင့် ထိုအချိန်မှစ၍ မကောင်းဆိုးဝါးများ ပူးကပ်လျက်ရှိသည်။

ကျွန်တော်တို့သည် သခင်ယေရှုခရစ်၏ ရှင်ပြန်ထမြောက်ခြင်း အသက်တာအားဖြင့် အသက်ရှင်ကာ သူပူဇော်သောယဇ်၊ သူ၏ကိုယ်ခန္ဓာနှင့် အသွေးတော်ကို ပို၍ မသုံးဆောင်သင့်ပါသလား။? ထိုသို့ပြုခြင်းဖြင့် ခရစ်တော်၌ ညီအစ်ကိုများနှင့်အတူ အသွေးတော်နှင့် ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖွဲ့ခြင်းမှာ လျှောက်လှမ်းရန်နှင့်ဖြောင့်မတ်စွာ အသက်ရှင်ရန် အထောက်အကူပေးပါသည်။ ထိုသို့ နတ်ဆိုး၏ ပဋိညာဉ်ကို ငြင်းဆိုပြီး ဖောက်ဖျက်စေသည်။ ထို့နောက် နတ်ဆိုးနေရာ၌ စစ်မှန်ခြင်း၊ သန့်ရှင်းခြင်း၊ ဘုရားတရားကိုင်းရှိုင်းခြင်းဖြင့် အစားထိုးစေသည်။

**ခွက်နှင့် မုန့်။ ။ ခရစ်တော်၌ မိတ်သဟာယဖွဲ့ခြင်း။**

ရှင်ပေါလုက **ငါတို့သည် ကျေးဇူးတော်ကို ချီးမွမ်းရာ မင်္ဂလာ ခွက်ဖလားမူကား၊ ခရစ်တော်၏ အသွေးကို ဆက်ဆံခြင်းဖြစ်သည် မဟုတ်လော။ ငါတို့ဖဲ့သော မုန့်မူကား၊**

**ခရစ်တော်၏ ကိုယ်ကို ဆက်ဆံ ခြင်းဖြစ်သည် မဟုတ်လော'**ဟု သွန်သင်ပါသည်။ **(၁ကော ၁၀း၁၆)** အကယ်စင်စစ် ပွဲတော်မင်္ဂလာသည် ခရစ်တော်၏ အသွေးနှင့် ကိုယ်ခန္ဓာ၌ မိတ်သဟာယဖွဲ့ခြင်း (ဆက်ဆံခြင်းဆိုသည့် သညသညငေ)ကို ဆိုလိုပါသည်။ ပွဲတော်မင်္ဂလာတွင် ပါဝင်ခြင်းဖြင့် **ငါတို့ရှိသမျှသည် တစ်လုံးတည်းဖြစ်သော ထိုမုန့်ကို ဆက်ဆံလျက်ခံယူကြသောကြောင့်။ အများဖြစ်သော ငါတို့သည် တစ်လုံးတစ်ကိုယ်တည်း ဖြစ်ကြ၏။ (အငယ်၊ ၁၇)**

**ယဇ်ပူဇော်ရာကို စားသုံးခြင်း**

ကျွန်တော်တို့သည် ပွဲတော်မင်္ဂလာတွင် ပါဝင်ဆင်နွဲသည့်အခါ ယဇ်ကောင်ဖြစ်သောသူ၏ အသွေးနှင့်အသားကို သုံးဆောင်ခြင်းဖြစ်သည်။ ထိုသို့ဖြင့် **ယဇ်ပလ္လင်နှင့် ဆက်ဆံသောသူဖြစ်ကြသည်။ (အငယ်. ၁၈)** ပွဲတော်မင်္ဂလာသည် ပဋိညာဉ်သစ်တွင် ဘုရားသခင်ပေးထားသည့် အရေးပါ သော ယဇ်ပလ္လင်ဖြစ်ကြောင်းကို လက်ခံထားရမည့်အချိန်ဖြစ်သည်။ ထိုအရာ အားဖြင့် ပဋိညာဉ်ဟောင်း၏ ယဇ်ပလ္လင်ကို အစားထိုးသည်။ ပွဲတော်မင်္ဂလာ ကျင်းပသည့် အချိန်တွင် ပဋိညာဉ်ဟောင်း၌ ဘုရားသခင်ပေးသည့် ကတိတော်မှာ ပဋိညာဉ်သစ် စာချုပ်အရ အားလုံးပြည့်စုံခြင်းရှိသည်။

**ပွဲတော်မင်္ဂလာကို ပြင်ဆင်မွမ်းမံခြင်း**

စစ်မှန်သောပွဲတော်မင်္ဂလာပြင်ဆင်မွမ်းမံခြင်းသည် နေရာများစွာ၌ ပျံ့နှံ့လျက်ရှိပြီး အာဖရိကအစိုးရ အပါအဝင် (အခြားနိုင်ငံများ)နှင့် လူများစွာကို အောက်လမ်း (စုန်းကဝေအတတ်)ဖြင့် ဖိနှိပ်ချုပ်ချယ်ခြင်းမှ လွတ်မြောက်ရန် အဖြေဖြစ်ပါသည်။ နိုင်ငံများ၊ လူများကို ဆက်လက် ချုပ်ချယ်သည့် နတ်ဆိုး ပဋိညာဉ်စာချုပ်နှင့် နတ်ဆိုးယဇ်ပလ္လင် များစွာရှိပါသည်။ အသင်းတော် များစွာနှင့် ခေါင်းဆောင်များတို့သည် ပွဲတော်မင်္ဂလာ၏ အဓိကအရေးပါ အရာရောက်မှုကို နားမလည်သည့်အတွက် ပွဲတော်မင်္ဂလာအား အလေး မထားကြတော့ပါ။

ယေရှုက **ဤခွက်ကား ငါ၏ အသွေး၌တည်သော ပဋိညာဉ်တရား သစ်ဖြစ်၏။ ဤခွက်ကိုသောက်သောအခါခါ၊ ငါ့ကို အောက်မေ့မို့ရာ သောက်ကြလော့ဟု မိန့်တော်မူ၏။ (၁ကော ၁၁း၂၅)။**

**ယဇ်ပလ္လင်၌ ယေရှုကို မြှောက်ထားခြင်း**

**ယောဟန် ၃း၁၄** တွင် ယေရှုက **'မောရှေသည် တော၌ မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်** ဟု ဆိုသည်။ **တောလည်ရာကျမ်း ၂၁း၆-၉** ၌ ဣသရေလလူ များတို့သည် ဘုရားသခင်ကို ဆန့်ကျင်လျက် ပြောသောအခါ **ဘုရားသခင်သည် ဣသရေလအမျိုးသားတို့တွင် မီးမြွေများကို စေလွှတ်တော်မူ၍ လူများတို့သည် အကိုက်ခံရသဖြင့် သေကြ၏။ (အခန်းငယ်-၆)။ ထာဝရဘုရားကလည်း မီးမြွေရုပ်ကို လုပ်၍တိုင်ပေါ်မှာ မြှောက်ထားလော့။ အကိုက်ခံရသောသူတိုင်း ကြည့်လျှင် အသက်ချမ်းသာရလိမ့်မည်ဟု မောရှေအား မိန့်တော်မူသည်။ (အငယ်၊ ၈)။**

ထို့အတူ **ယောဟန် ၁၂း၃၂** မှာ ယေရှုက **ငါသည်လည်း မြေကြီး နှင့်ခွာ၍ မြှောက်ထားခြင်းကို ခံရလျှင် လူအပေါင်းတို့ကို ငါ့ထံသို့ ငါဆွဲမည်ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသော် မိမိသည် အဘယ်သို့ သေရမည့်အရိပ်ကို ပေးတော်မူ၏။ (အငယ်၊ ၃၃)**

ပွဲတော်မင်္ဂလာတွင် ကျွန်တော်တို့သည် လက်ဝါးကပ်တိုင်မှာ ခရစ်တော်၏ သေခြင်းကို အောက်မေ့သတိရပါသည်။ ကျွန်တော်တို့သည် သူ့ကိုကြည့်ပြီး ကျွန်တော်တို့အတွက် သူ့အသွေးသွန်းခြင်းဖြင့် သူပြုခဲ့သော အရာများကို လက်ခံသည့်အတိုင်း ကျွန်တော်တို့သည် ကယ်တင်ခြင်း၊ အနာပျောက်ခြင်း၊ လွတ်မြောက်ခြင်းများကို ရရှိကြသည်။

## ၅။
## အသစ်သော ပဋိညာဉ်

မဿဲ၊ မာကု၊ လုကာနှင့် ရှင်ပေါလု ရေးသားသော ၁ကောရိ တို့တွင် ပွဲတော်မင်္ဂလာအကြောင်း ဖော်ပြရာမှာ ယေရှုက သူ့အသွေးတော် သည် **'ပဋိညာဉ်တရားသစ်နှင့်ဆိုင်သော'** အသွေးဖြစ်ကြောင်း ဖော်ပြ ပါသည်။ ဤပဋိညာဉ်တရားသစ်အကြောင်းကို **ယေရမိ ၃၁း၃၁-၃၄** တွင် ပရောဖက်ပြုခဲ့သည်။ **ဟေဗြဲ ၈း၈-၁၂** တွင်လည်း ထပ်မံဖော်ပြသည်။

ယေရှုက အသစ်သော ပဋိညာဉ်ကို ပြဋ္ဌာန်းခဲ့သည်။ နွား၊ ဆိတ်များ ၏ အသွေးကို သွန်းပြီး ယဇ်ပူဇော်သော စနစ်ဖြစ်သည့် ပဋိညာဉ်ဟောင်းမှာ လူများ၏ အပြစ်ပြေရန် အသန့်ရှင်းဆုံးသောအခန်းသို့ ယဇ် ပရောဟိတ်ကြီး သည် အသွေးကို ယူလာပြီး အပြစ်ပြေစေသည့် စနစ်ဖြစ်၍ ယခုပြီးပြတ်ခဲ့ပြီ။ **ပဋိညာဉ်တရားသစ်ဟူ၍ မိန့်တော်မူသည်တွင် ပထမ ပဋိညာဉ်တရား ကို ဟောင်းစေတော်မူ၏ (ဟေဗြဲ ၈း ၁၃)။**

ပွဲတော်မင်္ဂလာကို သုံးဆောင်သည့်အခါတိုင်း ကျွန်တော်တို့ ရရှိနိုင်သော ပဋိညာဉ်တရားသစ်၏ အံ့သြဖွယ်ကတိတော် လေးခု ရှိပါသည်။ ဘုရားသခင်နှင့် ကျွန်တော်တို့၏ ဆက်ဆံရေးမှာ ပဋိညာဉ် စာချုပ်အားဖြင့် ဖြစ်ကြောင်းကို အသင်းတော်များ နားလည်ရန် အရေးကြီးပါသည်။ ဘုရားသခင်သည် ထိုပဋိညာဉ်စာချုပ်ကို ဆောင်ရွက်သူဖြစ်ပြီး ယေရှု၏ အသွေးတော်ဖြင့်တံဆိပ်ခပ်ထားသည်။ ထို့ကြောင့် ပဋိညာဉ်ကို ဖောက်ဖျက် ၍ မရပါ။ အဘယ်ကြောင့်ဆိုသော် ယေရှုက သူ့အသွေးကို သွန်းခဲ့ပြီ။ ကျွန်တော်တို့သည် သူပေးသော ကတိတော်များကို ယုံကြည်အားကိုးရပါမည်။

ပဋိညာဉ်တရားသစ်၏ အဓိကအချက်အချာတွင် ရှင်းလင်းသော ကတိတော်လေးခု ရှိကြောင်း၊ ဘုရားသခင်၏ အလိုတော်ကို ကျွန်တော်တို့ အား ဖွင့်ပြကြောင်းနှင့် ကျွန်တော်တို့အတွက် သူ၏ ကြီးမားသော ချစ်ခြင်းမေတ္တာ ပြသကြောင်းကို ယုံကြည်သူတိုင်း သိသင့်သည်။

**ပဋိညာဉ်တရားသစ်၏ ကတိတော်များ-ဟေဗြဲ ၈း၁၀-၁၂**

၁။ ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့ သွင်းမည်။

၂။ ငါသည် သူတို့၏ ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏ လူဖြစ် ကြလိမ့်မည်။

၃။ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင်အောင်၊ ထိုသူ အပေါင်းတို့သည် ငါ့ကို သိကြလိမ့်မည်။

၄။ ထိုအခါငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းများကို မအောက်မေ့ဘဲ နေမည်။

၆။

# ပွဲတော်မင်္ဂလာအတွက် ရှင်ပေါ်လု၏သွန်သင်ချက်များ

**ပြည့်စုံသော စံနမူနာ**

**၁ကော (၁၁)** တွင် ရှင်ပေါလုသည် အသင်းတော်၏ ပွဲတော် မင်္ဂလာ သုံးဆောင်ခြင်းနှင့်စပ်လျဉ်း၍ အလေးအနက်ဆုံးမခဲ့သည်။ ရှင်ပေါလုက သင်တို့ကျင့်သုံးသည့်အရာမှာ ပွဲတော်မင်္ဂလာမဟုတ်ဟုဆိုသည်။ **(အငယ်၊ ၂၀)** ထို့နောက် **အခန်းငယ် ၂၃-၂၅** တွင် ရှင်ပေါလုထံ အပ်ပေးသောအရာသည် သခင်ဘုရားထံမှ သူခံရသောအရာဖြစ်ကြောင်း ဖော်ပြသည်။ ရှင်ပေါလု မမှားနိုင်ပါ။ သခင်ဘုရားထံမှ ခံရသော အရာကို သင်ပေးခြင်းဖြစ်သည်။ သူ၏ စကားလုံးများသည် ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာတွင် မှတ်တမ်းတင် ထားသည့် အရာများနှင့် ကိုက်ညီမှုရှိသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ရှင်ပေါလုအား ပွဲတော်မင်္ဂလာနှင့် ပတ်သက်၍ ယေရှု၏ ရည်ရွယ်ချက်ကို ပြည့်ပြည့်စုံစုံ နားလည်ခွင့်ပေးထားသည်။

**မကြာခဏလား ?**

ရှင်ပေါလုအဆိုအရ၊ ယေရှုက **ဤခွက်ကို သောက်သောအခါခါ ငါ့ကို အောက်မေ့ဖို့ရာ သောက်ကြလော့ဟု မိန့်တော်မူ၏။ (၁ကော ၁၁း၂၅)။** ကျွန်တော်တို့သည် **ထိုမုန့်ကိုစား၍ ထိုခွက်ကို သောက်သော အခါခါ** ယေရှုကို အောက်မေ့ရမည်။ **(အငယ်၊ ၂၆)** အခါခါဆိုသည်မှာ ဘယ်နှစ်ကြိမ်ကို ဆိုလိုပါသနည်း။? ကျွန်တော်တို့သည် မည်မျှကြာမှ၊ အချိန်တွင်မှ ယေရှုလက်ဝါးကပ်တိုင်မှာ ယဇ်ကောင်အဖြစ် အသေခံပေးခြင်းကို အောက်မေ့ရမည်နည်း? ထိုမုန့်နှင့်ခွက်ကို သုံးဆောင်ဖို့ရန် အချိန်ကာလ အကန့်အသတ်မရှိပါ။ ပွဲတော်မင်္ဂလာသည် ယုံကြည်သူများ မိတ်သဟာယ ဖွဲ့တိုင်းတွင် အရေးပါသော အစိတ်အပိုင်းဖြစ်ဖို့ရန် လိုအပ် ပါသည်။

## ပြန်လည်ရွေးနှုတ်ပေးသော ယေရှု၏ အသွေးတော်

လက်ဝါးကပ်တိုင်တွင် ယေရှုပြုခဲ့ သောအမှုနှင့် သူအောင်မြင်ခဲ့သည့် အမှုများကို ပွဲတော်မင်္ဂလာက အာရုံစိုက်စေပါသည်။ နှုတ်ကပတ်တော်တွင် . . **မင်္ဂလာအကျိုးတို့၏ ယဇ်ပရောဟိတ်မင်းဖြစ်သော ခရစ်တော်သည် ငါတို့အဖို့ ထာဝရရွေးနှုတ်ခြင်းကျေးဇူးကို ခံရ၍ ဆိတ်အသွေး၊ နွားကလေးအသွေးနှင့် မဟုတ် မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာန ထဲသို့ တစ်ခါတည်း ဝင်တော်မူ၏** ဟု ဖော်ပြသည်။ **ဟေဗြဲ ၉း၁၁-၁၂** သေခြင်းမှ ထမြောက်ပြီးနောက် ယေရှုသည် သူ၏ အသွေးကို ထာဝရဘုရား တည်တော်မူသော တဲတော်ထဲသို့ ယူသွားခဲ့သည်။

## မထိုက်မတန်ဘဲ စားသောက်ခြင်း

ကျွန်တော်တို့သည် သခင်ဘုရား၏ မုန့်နှင့်ခွက်ကို **မထိုက်မတန်ဘဲ** မစားဖို့ရန် ရှင်ပေါလုက သတိပေးထားပါသည်။ ထိုသို့ပြုလျှင် **သခင်ဘုရား ၏ ကိုယ်တော်နှင့်အသွေးတော်ကို ပြစ်မှားရာရောက်၏ (၁ကော ၁၁း၂၇)။** 'မထိုက်မတန်ဘဲ' ဆိုသည်မှာ မရိုသေသော သဘောကို ဆိုလိုပါသည်။ ပွဲတော်မင်္ဂလာ၏ အရေးကြီးသော ညွှန်ပြချက်ကို နားမလည်ခြင်းဟု အဓိပ္ပါယ် ရှိသည်။ ယေရှုက သူ့ကို အာရုံစိုက်ဖို့ ပြောထားပါသည်။ ကျွန်တော်တို့၏ မထိုက်တိုင်ခြင်းကို ကြည့်ဖို့ရန်၊အာရုံစိုက်ရန် မဟုတ်ဘဲ ကျွန်တော်တို့အတွက် လက်ဝါးကပ်တိုင်သို့သွားခြင်းဖြင့် ခရစ်တော်ပြုခဲ့သောအမှုကို အောက်မေ့ သတိရရန် ဖြစ်သည်။

## မိမိကိုယ်ကို စစ်ကြောခြင်း

ရှင်ပေါလုက **'လူတိုင်းကိုယ့်ကိုယ်ကို စစ်ကြောရမည်** ဟု ဆိုပါသည်။ **( အငယ်၊ ၂၈)** 'စစ်ကြော' ဆိုသည့်စကားလုံးသည် စမ်းသပ်ဖို့၊ အတည်ပြုဖို့ဟု အဓိပ္ပါယ်ရသည်။ ထိုအရာသည် လက်ခံနိုင်ဖွယ် လက္ခဏာ ရှိသည်။ မည်သည့်အရာကို ကြည့်၍ ကျွန်တော်တို့သည် လက်ခံနိုင်ဖွယ် ဖြစ်မည်နည်း? မည်သည့်အရာပေါ် အခြေခံ၍ ကျွန်တော်တို့သည်စားခြင်း၊ သောက်ခြင်းကို ပြုရမည်နည်း? ရှင်ပေါလုက

ကိုယ်ကိုယ်ကို စစ်ကြောပြီးမှ **မုန့်ကို စားစေ။ ထိုနည်းတူစွာ ခွက်ကိုလည်း သောက်စေ**ဟု ဆိုပါသည်။ **(အငယ်၊ ၂၈)**

မေရှိယယေရှုက ကျွန်တော်တို့အတွက် ပြုခဲ့သော အရာများကို ယုံကြည်သောအားဖြင့် ကျွန်တော်တို့သည် လက်ခံနိုင်ဖွယ်ဖြစ်လာပါသည်။ သူ၏ အသွေးတော်က ကျွန်တော်တို့၏ အပြစ်အားလုံးကို သန့်ရှင်းစေသည်။ ကျွန်တော်တို့သည် ထိုက်တန်သောသူဖြစ်ကြောင်း နှုတ်ကပတ်တော်၌ ယုံကြည်ခြင်းဖြင့် သိနိုင်သည်။ ထို့ကြောင့် မုန့်ကို စားခြင်းနှင့် ခွက်ကို သောက်ခြင်းကို ထိုက်တန်သူအနေဖြင့် သုံးဆောင်နိုင်ပါသည်။

ရှင်ပေါလုက ကျွန်တော်တို့အား **၂ကော ၁၃း၅** တွင် ရိုးရှင်းသော စမ်းသပ်ခြင်းကိုပေးထားခဲ့သည်။ **'သင်တို့သည် ယုံကြည်ခြင်း၌ တည် သလော၊ မတည်လောဟု ကိုယ့်ကိုယ်ကို စစ်ကြောကြလော့။ ကိုယ့်ကိုယ် ကို စုံစမ်းကြလော့။ အစစ်မခံနိုင်သောသူမှန်လျှင် ယေရှုခရစ် သည် သင်တို့၌ တည်တော်မူသည်ဟု ကိုယ့်အကြောင်းကို ကိုယ်မသိကြ သလော။'**

ဤအရာသည် စစ်ကြောခြင်းဖြစ်သည်။ ယုံကြည်ပါသလား? သင်သည် အသစ်တစ်ဖန် မွေးဖွားခြင်းခံပြီလား?။ ယုံကြည်ခြင်းဖြင့် သင့်စိတ်နှလုံးတွင် ယေရှုခရစ် ကျိန်းဝပ်ပါသလား?။ ထိုသို့ပြစ်လျှင် ပွဲတော်မင်္ဂလာ၌ သခင်၏ အသားနှင့် အသွေးကို သုံးဆောင်ဖို့ရန် သင့်ကို ကြိုဆိုပါသည်။

## အပြစ်စီရင်ခြင်း

**အကြောင်းမူကား၊ မထိုက်မတန်ဘဲ စားသောက်သောသူသည် သခင်ဘုရား၏ကိုယ်တော်ကို ပိုင်းခြား၍ မသိသောကြောင့် မိမိအပေါ် သို့ အပြစ်ရောက်စေခြင်းငှာ စားသောက်သောသူဖြစ်၏။ (၁ကော ၁၁း၂၉)။** အပြစ်စီရင်ခြင်းသည် အလိုအလျောက်ရောက်လာလိမ့်မည်။ အကြောင်းမူကား ယုံကြည်ခြင်းဖြင့် သင်မစား၊ မသောက်လျှင် သင်သည် မထိုက်မတန်ဘဲ စားသုံးရာ ရောက်၏။ စီရင်ချက်ကား အဘယ်နည်း? **ထိုအကြောင်းကြောင့် သင်တို့တွင် အားနည်းသောသူ၊ မကျန်းမမာသောသူအများရှိကြ၏။ သေသောသူများလည်း ရှိကြ၏။ (အငယ်. ၃၀)**

**ဘုရားသခင်၏ ခန္ဓာကိုယ်ကို ပိုင်းခြားခြင်းဆိုသည်မှာ အဘယ်နည်း?**

မည်သည့်အရာက ဤကဲ့သို့သော စီရင်ခြင်းကို ဖြစ်ပေါ်စေ ပါသနည်း။? အဖြေမှာ **'သခင်ဘုရား၏ ကိုယ်တော်ကို ပိုင်းခြား၍ မသိသောကြောင့် ဖြစ်၏။ (အငယ်. ၂၉)။** ပိုင်းခြားခြင်းဆိုသည့် စကားလုံးကို အခြားသော ကျမ်းပိုဒ်များတွင် **'တွေးတောခြင်း' 'သံသယ' 'ယုံမှားခြင်း' ဟု** ဘာသာပြန်ထားသည်။

ဤဂရိဘာသာအားဖြင့် **'တွေးတောခြင်း'** ဟု ဘာသာပြန်သည့် သာဓကများ -

(၁) **ငါသည် <u>တွေးတောခြင်း</u>မရှိဘဲ ထိုသူတို့နှင့်အတူ သွားရမည် အကြောင်း ဝိညာဉ်တော်သည် မိန့်တော်မူ၏။ တမန် ၁၁း၁၂**

ပေတရုသည် အကျွမ်းတဝင်မရှိသော နယ်မြေသို့ ဝိညာဉ်တော် အားဖြင့် ဦးတည်ခေါ်ဆောင်ခြင်းခံရသည်။ သူသည် ဟေလသ အမျိုး၏အိမ်တွင် သွားရောက်ဟောပြောရမည်။ ဘုရားသခင် ပေးသော ရူပါရုံကို မြင်သည့်အတိုင်း တွေးတောခြင်းမရှိဘဲ အပြည့်အဝယုံကြည်ပြီး သွားရမည်။ သူသာ တွေးတောခဲ့လျှင် ကျရှုံးခဲ့မည်။

(၂) **သို့ရာတွင် <u>တွေးတောခြင်း</u>မရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းရမည်။ <u>တွေးတောခြင်း</u>ရှိသောသူသည်ကား၊ လေခတ်၍ လှုပ်ရှားတတ်သော လှိုင်းတံပိုးနှင့်တူ၏။ ယာကုပ် ၁း၆။** စိတ်ထဲ၌ တွေးတောလျှက် ဘုရားသခင်ထံ ဆုတောင်းသော သူသည် သူ၏ ဆုတောင်းချက်အဖြေကို ရမည်မဟုတ်။ ကျွန်တော်တို့သည် ယုံကြည်ခြင်းဖြင့် ဆုတောင်း ရမည်။

(၃) သင်္ဘောသဖန်းပင်ကို ကျိန်ဆဲခြင်းဖြင့် ယေရှုသည် ယုံကြည်ခြင်း တွင် တန်ခိုးရှိကြောင်းကို သင်ပေးခဲ့ပါသည်။

**ယေရှုကလည်း၊ ငါအမှန်ဆိုသည်ကား၊ သင်တို့သည် <u>ယုံမှားခြင်း</u>နှင့်ကင်းသော ယုံကြည်ခြင်းရှိလျှင် သင်္ဘောသဖန်းပင် ၌ ပြုသကဲ့သို့ သင်တို့ပြုနိုင်သည်သာမက ထိုတောင်ကိုပင် နေရာမှ ရွေ့လော့/ပင်လယ်၌ကျလော့ဟု ဆိုလျှင် ဆိုသည့် အတိုင်းဖြစ်လိမ့်မည်။ မဿဲ ၂၁း၂၁ ယုံကြည်ခြင်းပါလျှက် ပတ္တနာပြု၍ ဆုတောင်းသမျှတို့ကို သင်တို့သည် ရကြလိမ့် မည်ဟုမိန့်တော်မူ၏။ (အငယ်. ၂၂)**

## တွေးတောခြင်းမရှိဘဲ

သခင်ဘုရား၏ ကိုယ်တော်ကို ပိုင်းခြား၍ မသိသောကြောင့် ကျွန်တော်တို့၏ အပေါ်၌ တရားစီရင်ခြင်းရောက်လာ၏။ **ထိုအကြောင်း ကြောင့် သင်တို့တွင် အားနည်းသောသူ၊ မကျန်းမမာသောသူအများရှိ ကြ၏။ သေသောသူများလည်းရှိ၏။ (၁ကော ၁၁း၃၀)။** သခင်ဘုရား၏ ကိုယ်တော်ကို ပိုင်းခြား၍မသိဆိုသည့် ဂရိစကားလုံးမှာ **'တွေးတောခြင်း မရှိဘဲ'** ဟု ဖတ်နိုင်ပါသည်။ အသင်းတော်များ၌ ဖြစ်တတ်သည့်ပြဿနာ များမှာ ပွဲတော်မင်္ဂလာကို အလေးထားပြီး မကျင့်သုံးခြင်းဖြစ်သည်။ ပုံမှန် သုံးဆောင်သည့် အချိန်၌ပင်လျှင် သခင်ဘုရား၏ ကိုယ်ခန္ဓာကို ပိုင်းခြား၍ မအောက်မေ့ကြပေ။ တနည်းအားဖြင့်ဆိုရလျှင် ခရစ်တော်ထဲ၌ ခရစ်တော် အားဖြင့် ဘုရားသခင်သည် ကျွန်တော်တို့အား လုံးလုံးလျားလျား ပြန်လည် ရွေးနှုတ်ထားပြီဖြစ်ကြောင်းကို တွေးတောခြင်း(သို့) သံသယ ရှိကြသည်။

သူ့ကို အောက်မေ့ဖို့ရန် မုန့်နှင့်ခွက်ကို ကျွန်တော်တို့အား ပေးခြင်း အားဖြင့် ကျွန်တော်တို့သည် သူ၏ နိုင်ငံတော်၌ ရှင်သန်နိုင်ရန်၊ လက်ဝါးကပ် တိုင်တွင် အသက်ပေးပြီး၊ ယဇ်ပူဇော်သော သိုးသငယ်ဖြစ်လာသည့် အကြောင်းအရာများကို မှန်ကန်စွာနားလည်နိုင်ရန် အခွင့်ထူးကြီးကို ပေးထားခြင်း ဖြစ်သည်။

## ယုံကြည်ခြင်းဖြင့် စားခြင်းသောက်ခြင်း

ပွဲတော်မင်္ဂလာသုံးဆောင်ရန် လာသည့်အခါတိုင်း ကျွန်တော်တို့သည် ယုံကြည်ခြင်းဖြင့် သခင်ဘုရား၏ ကိုယ်ခန္ဓာအပေါ် သံသယမရှိဘဲ လာရမည်။ လက်ဝါးကပ်တိုင်မှာ ယေရှုပြုခဲ့သောအမှုအရာများကို အောက်မေ့ရမည်။ ကျွန်တော်တို့သည် နောင်တရလျှက်၊ နာခံခြင်းဖြင့် ယေရှုကို အောက်မေ့ဖို့ရန် လာသည့်အတိုင်း **ဤခွက်ကို သောက်သောအခါခါ** ကျွန်တော်တို့၏ ယုံကြည်ခြင်း တိုးပွားလာမည်။ ကျွန်တော်တို့၏ စိတ်ထဲ၌ ခရစ်တော် ကျိန်းဝပ်ခြင်းဖြင့် သူ၏ ကျေးဇူးတော်ကို လွှတ်ပြီး ကျွန်တော်တို့အထဲ၌ စတင်အလုပ်လုပ်လာမည်။ သူ၏ အလိုတော်ကို လုပ်ဆောင်ခြင်းဖြင့် သူပြန်လာမည့်အချိန်တွက် ပြင်ဆင်လျက်အသက်ရှင်လာမည်။

ကျွန်တော်တို့သည် စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ရမည်။ လက်ဝါးကပ်တိုင်တွင် ခရစ်တော်ပြီးမြောက်ခဲ့သောအရာများ အပေါ် မတွေးတောဘဲ သံသယကင်းရမည်။
ကျွန်တော်တို့၏ ပသခါသိုးသငယ်အဖြစ် လက်ဝါးကပ်တိုင်တွင် ယေရှုသွားခဲ့ကြောင်းကို အပြည့်အဝယုံကြည်ရမည်။
ကျွန်တော်တို့၏ အပြစ်များကို လုံးလုံးလျားလျား လွှဲပြောင်း ပေးပြီဖြစ်၍ ပြစ်တင်ဝေဖန်ရှုတ်ချခြင်းဖြင့် အသက်တာ လျှောက်လှမ်းဖို့ရန် မလိုတော့ပါ။
ကျွန်တော်တို့အတွက် လက်ဝါးကပ်တိုင်တွင် ယေရှုပြုခဲ့သော အမှုကို ယုံကြည်လက်ခံခြင်းဖြင့် ထာဝရအသက်ကို ရရှိနိုင် သည်။
သို့သော် သခင်ဘုရား၏ ကိုယ်ခန္ဓာနှင့်အသွေးတော်အပေါ်၌ တွေးတောခြင်းရှိလျှင်၊ သံသယရှိလျှင်၊ မယုံကြည်လျှင်၊ မထီမဲ့မြင် ပြုလျှင် သေခြင်းနှင့်ပင် ကြုံတွေ့နိုင်သည်။
ယေရှု၏ ကိုယ်ခန္ဓာနှင့် အသွေးတော်ကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ရှေ့တော်၌ လက်ခံနိုင်ဖွယ်ဖြစ်လာကြသည်။
ဤအောက်မေ့ဖွယ်ပွဲတော်မင်္ဂလာ၏ အရေးပါမှုကို အပြည့် အဝနားလည်ပြီး ကြည်ညိုလျက်စားခြင်း၊ သောက်ခြင်းပြုရမည်။
ယေရှုသည် ကျွန်တော်တို့အတွက် မိမိကိုယ်ခန္ဓာကို ကျိုးဖဲ့ခွင့်ပြု ပေးခြင်းကို တွေးတောခြင်းမပြုဘဲ ယုံကြည်ခြင်းဖြင့် ပါဝင်ကြပါစို့။

## ၇။
## ကနဦးအသင်းတော်သည် မုန့်ကို နေ့စဉ်ဖဲ့ခဲ့ကြသည်။

**တမန်တော်ဝတ္ထု ၂း၄၂** တွင် မုန့်ကို ဖဲ့ခြင်းသည် ကနဦးအသင်းတော် ၏ ပထမဦးဆုံးစွဲစွဲမြဲမြဲ၊ အမြဲလုပ်ဆောင်သောအရာဖြစ်ကြောင်းကို တွေ့ရ သည်။ ဤအရာသည် နေ့တိုင်းအစဉ် အိမ်၌ ဖြစ်ပျက်ခဲ့ပါသည်။ **ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ် တညီတညွတ်တည်း နေ၍**

**ကိုယ်အိမ်၌ မုန့်ကို ဖဲ့လျက်ကြည်ဖြူရွှင်လန်းဝမ်းမြောက်သော စိတ်နှင့် အစာအာဟာရကို သုံးဆောင်ကြ၏။ (အငယ်၊ ၄၆)**

ကနဦးခရစ်ယာန်များသည် အိမ်၌ နေ့စဉ်တွေ့ဆုံပြီး မုန့်ကို ဖဲ့ကြ သည်။ ခုနစ်ရက်တွင် ပထမနေ့ရက်၌ မုန့်ကို ဖဲ့ခြင်းငှာ စည်းဝေးခြင်းကို အထူးနေ့အဖြင့် ရွေးချယ်ခဲ့ကြောင်းကိုလည်း သက်သေအချို့ရှိပါသည်။ သို့သော် **တမန် ၂၀း၇** တွင် ကနဦးအသင်းတော်တို့သည် အိမ်၌နေ့စဉ် မုန့်ကို ဖဲ့ခဲ့ကြောင်းကို ငြင်းဆို၍မရပါ။

ယနေ့ တမန်တော် ခံယူချက်ကို ယုံကြည်သော ခရစ်ယာန်များကို ပြန်လည်ပြင်ဆင်မွမ်းမံဖို့ရန် အဓိကကျသော အရာမှာ **<u>ယုံကြည်သူ အချင်းချင်း တွေ့ဆုံသည့်အခါတိုင်း အိမ်၌ မုန့်ကို ဖဲ့ခြင်းဖြင့် အသစ် ပြုပြင်ရမည်။</u>**

## အဓိက အရေးပါသောအချက်

ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းသည် အသင်းတော် လှုပ်ရှားမှုတွင် အဓိက အရေးပါသောအချက်ဖြစ်သည်။ ပွဲတော်မင်္ဂလာကျင်းပခြင်းသည် ပထမ အရေးကြီးသောအချက်ဖြစ်ပြီး အသင်းတော်၏ အဦးဆုံးအလုပ်လည်း ဖြစ်ပါသည်။ ကနဦးအသင်းတော်သည် **တမန်တော်တို့၏ ဆုံးမဩဝါဒကို ခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း မုန့်ကို ဖဲ့ခြင်း၊ ပတ္တနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏။ တမန် ၂ း ၄၂။**

သခင်ဘုရားသခင်သည် ယေရှု၏ ကိုယ်ခန္ဓာတော်နှင့်အသွေးတော်ဖြင့် မိတ်သဟာယဖွဲ့ခြင်းကို သူ့အသင်းတော်တွင် ပြန်လည်မွမ်းမံပြင်ဆင် နေပါသည်။ နှုတ်ကပတ်တော်အရ ပွဲတော်မင်္ဂလာသုံးဆောင်ရမည့်အကြိမ်နှင့် စပ်လျဉ်း၍ အကန့်အသတ်မရှိပါ။ သခင်နှင့်အတူ မိတ်သဟာယဖွဲ့သည့်အခါ သူ့ကို အောက်မေ့သတိရပြီး အာရုံစိုက်ရမည့်အချိန်ဖြစ်ပါသည်။ သူ၏ နာမ၌ နှစ်ဦး သုံးဦးနှင့်အထက် စည်းဝေးကြသည့် မည်သည့်နေရာမဆို (သို့) အိမ်တွင် မုန့်ကို ဖဲ့ခြင်းပြုလုပ်နိုင်သည်။ (မဿဲ ၁၈း၂၀)။ အချို့သော အသင်းတော်များမှာ မုန့်ကို ဖဲ့ခြင်း၌ စည်းမျဉ်းစည်းကမ်းများထည့်ကြသည်။ ယခုအချိန်သည် နှုတ်ကပတ်တော်၏ သွန်သင်သည့်အတိုင်း လိုက်လျှောက် ရမည့် အချိန်ဖြစ်သည်။

**မည်သည့်အရာကို အောက်မေ့ရမည်နည်း?**

ကျွန်တော်တို့သည် တစ်စုံတစ်ရာကို အောက်မေ့ရမည်။ မည်သည့် အရာကို အောက်မေ့ရမည်နည်း? ကျွန်တော်တို့အတွက် လက်ဝါးကပ်တိုင်မှာ အသေခံခြင်းအားဖြင့် ယေရှုပြုခဲ့သောအမှုများကိုအောက်မေ့လျက် ယေရှုကို သတိရ၍ ခွက်ကိုသောက်ပြီး၊ မုန့်ကိုလည်း စားရမည်။ **ထိုအာမခံသည် လူအပေါင်းတို့ကို ရွေးအံ့သောငှာ ကိုယ့်ကိုယ်ကို စွန့်တော်မူပြီ။ (၁တိ ၂း၆)။** ဟေဗြဲသြဝါဒစာတွင် **ငါတို့အပြစ်များကို ကိုယ်တော်တိုင်အားဖြင့် သုပ်သင်ပယ်ရှင်းပြီးလျှင်၊ မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ယာဘက်၌ ထိုင်တော်မူ၏။ (ဟေဗြဲ၁း၃)။** ကျွန်တော်တို့သည် လက်ဝါးကပ်တိုင်၌ ယေရှုပြုခဲ့သော အသေခံခြင်း၊ သေးခြင်းမှ ထမြောက်ခြင်း တို့ကို အောက်မေ့သတိရရမည်။ ရှင်ပေါလုက မုန့်နှင့် ခွက်ကို သုံးဆောင် သည့်အခါ ယေရှု၏ သေခြင်းကို အောက်မေ့သည်သာမက သူ၏ ရှင်ပြန် ထမြောက်ခြင်း၊ ကောင်းကင်ဘုံသို့ တက်သွားခြင်းနှင့် သူပြန်လာမည့် အကြောင်းတို့ကို ကြေညာခြင်းဖြစ်၏ဟု ဆိုပါသည်။

၈။

## ကြွလာတော် မမူမှီတိုင်အောင်

**ပွဲတော်မင်္ဂလာသည် သူ၏ ပြန်လာခြင်းနှင့်သက်ဆိုင်သည်။**

နှုတ်ကပတ်တော်တွင် ထိုမုန့်ကို စား၍ ထိုခွက်ကို သောက်သော အခါ **'သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမှီတိုင်အောင် ပြကြ၏။ (၁ကော ၁၁း၂၆)။** ကျွန်တော်တို့အသက်ရှင်သည့် ကာလ အပိုင်းအခြားမှာ သခင်ယေရှုလက်ဝါးကပ်တိုင်တွင် အသေခံသည့်အချိန်နှင့် သူပြန်လာမည့် အချိန်ကြား ကာလဖြစ်သည်။

## ငါ့ကို အောက်မေ့ဖို့ရန်

ပွဲတော်မင်္ဂလာသည် သခင်ဘုရား၏သေခြင်းကို အောက်မေ့ခြင်းထက် ပိုပါသည်။ သေပြီးမှရှင်ပြန်ထမြောက်သော သခင်ဘုရားကို အောက်မေ့ခြင်းနှင့် **ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင် ဆင်းသက် တော်မူ**မည့်သူကို အောက်မေ့ခြင်းဖြစ်သည်။ **(၁ သက် ၄း၁၆)။ သခင်ဘုရား ကြွလာတော်မူသောအခါ အသက်ရှင်၍ ကျန်ကြွင်းမည့်** မျိုးဆက်များ ရှိကြလိမ့်မည်။ **(အငယ်၊ ၁၅)** သခင်ယေရှု တစ်ဖန် ကြွလာသည့်အခါ ယေရှု၌ အိပ်ပျော်သောသူတို့ကိုလည်း ထိုသခင်နှင့်အတူ ဘုရားသခင် ပို့ဆောင်တော်မူလိမ့်မည်။ **(အငယ်၊ ၁၄)**

## သူပြန်လာမည့်အချိန်တွက် အသင့်ပြင်ဆင်ခြင်း

သမိုင်း၏ လုပ်ဆောင်ချက်များမှာ လူသားများအားလုံးကောင်းကင်နိုင်ငံသို့ရောက်ရန်အတွက်မဟုတ်ပါ။ သို့သော် ဤလောကသို့ ပြန်ကြွ လာမည့် သခင်ဘုရား ပြန်လာခြင်းအတွက် ပြင်ဆင်ရန် ဖြစ်သည်။

သခင်ဘုရားပြန်ကြွလာခြင်းသည် ကျွန်တော်တို့ယုံကြည်ခြင်း၏ အဓိက အရေးပါသော အကြောင်းရင်းဖြစ်ရမည်။ ကျွန်တော်တို့သည် ယေရှု၏ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ပြည့်စုံသော ရွေးနှုတ်ခြင်းကို ယုံကြည်ကာ ကယ်တင်ခြင်းရရှိကြသည်။ သို့သော် မည်သည့်အရာအတွက် ကယ်တင်ခြင်းခံရပါသနည်း? ကျွန်တော်တို့သည် ကောင်းကင်နိုင်ငံရောက်ဖို့ အတွက်သာ ကယ်တင်ခြင်းခံရသည်မဟုတ်။ လောက၌ ခရစ်တော်အတွက် ရပ်တည်ရန် ခရစ်တော်၏ သက်သေခံဖြစ်ရန်၊ ခရစ်တော်ပြန်မလာမီ တိုင်အောင် သူ၏ အသက်တာကို ရောင်ပြန်ဟပ်စေရန်တို့အတွက် ကယ်တင်ခြင်းခံရကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည် ကောင်းကင်နိုင်ငံသို့သွားရန် ပြင်ဆင်ကြသည် မဟုတ်။ သို့သော် သခင်ဘုရားပြန်ကြွလာမည့် အချိန်အတွက်ပြင်ဆင်ခြင်း ဖြစ်သည်။ ကျွန်တော်တို့သည် ဤအကြောင်းကို ပွဲတော်မင်္ဂလာ သုံးဆောင် သည့် အခါတိုင်း အမှန်ကတယ်သတိရမည့်အရာ ဖြစ်သည်။

ပွဲတော်မင်္ဂလာခံယူသည့်အခါတိုင်း ကျွန်တော်တို့သည် ယေရှု၏ သေခြင်း၊ သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းနှင့် ပြန်လည်ကြွလာမည့်အကြောင်း ကို ပြသခြင်းဖြစ်ပါသည်။ ဟာလေလုယာ။

## ၉။
## မကြာခဏမေးသော မေးခွန်းများ

**ကလေးများပွဲတော်၌ ပါဝင်သင့်ပါသလား?**

ကလေးများ ပွဲတော်မင်္ဂလာသုံးဆောင်သင့်ပါသလား? ကျမ်းစာ တွင် တိုက်ရိုက်ညွှန်ကြားချက်မရှိပါ။ ယေရှုက သူ့ထံသို့ လာသည့်ကလေးများကို ဆီးတားခဲ့သော တပည့်တော်များအား ဆုံးမခဲ့ကြောင်းကို သိရှိကြပါသည်။ **'ယေရှု ကလည်း ထိုသူငယ်တို့ကို ရှိစေတော့။ ငါ့ထံသို့ လာသည်ကို မဆီးတားကြနှင့်။ ကောင်းကင်နိုင်ငံတော်သည် ထိုသို့သော သူတို့၏ နိုင်ငံဖြစ်သည်ဟု မိန့်တော်မူ၍ သူငယ်တို့အပေါ်မှာ လက်တော်ကို တင်ပြီးလျှင် ထိုအရပ်မှ ကြွသွားတော်မူ၏။ မဿဲ ၁၉း ၁၃-၁၅။**

ကိုယ့်ကိုယ်ကို မေးရပါလိမ့်မည်။ ကလေးများတွင် ကယ်တင်ခြင်း နှင့်ဆိုင်သော ယုံကြည်ခြင်းရှိနိုင်သလား? ရှိနိုင်လျှင် ထိုမုန့်ကို စားခြင်း၊ ထိုခွက်ကို သောက်ခြင်းမှမည်သည့်အရာက တားဆီးပါသနည်း။

ဣသရေလလူများသည် အီဂျစ်ပြည်၌ ပထမဆုံးသော ပသခါပွဲကို သုံးဆောင်သည့်အခါ မိသားစုတစ်ခုလုံး ပါဝင်ကြသည်။ သူတို့အားလုံးသည် သိုးသငယ်၏ အသားကို စားကြပြီး သိုးသငယ်၏ အသွေးအားဖြင့် ကာကွယ်ခြင်းခံခဲ့ကြသည်။ (ထွက် ၁၂)။ သိုးသငယ်၏ အသားကို စားခြင်းမှ တားမြစ်သော လူကြီးနှင့်ဖခင်များကို သင်စိတ်ကူးကြည့်ပါ၊ ရှိနိုင်ပါသလား။?

**ပွဲတော်မင်္ဂလာကို သုံးဆောင်သောသူသည် ရေနှစ်ခြင်းခံပြီးသောသူ ဖြစ်ရမည်လား?**

ဤအရာနှင့်ပတ်သက်ပြီး နှုတ်ကပတ်တော်သည် တိတ်ဆိတ်နေပြန် ပါသည်။ သို့သော် နှုတ်ကပတ်တော် ဖော်ပြသည်မှာ လူတစ်ဦးသည် ယေရှုခရစ်ကို ယုံကြည်လာသည့်အခါ ထိုသူသည်

နှောင့်နှေးခြင်းမရှိဘဲ ရေနှစ်ခြင်းခံယူပြီး အိမ်၌ မုန့်ကို ဖဲ့ခြင်းပွဲတော်မင်္ဂလာတွင် ပါဝင်ခဲ့ခြင်းကို တွေ့ရသည်။ (တမန် ၂း၄၁-၄၆)။ ယခုခေတ်အသင်းတော်များနှင့် အမှုတော်ဆောင်များသည် ယုံကြည်သူ အသစ်များကို ချက်ချင်းရေနှစ်ခြင်း မပေးသည့်အတွက် ရေနှစ်ခြင်းမခံသေးသောသူကို ပွဲတော်မင်္ဂလာ သုံးသင့် သလားဆိုသည့်ကိစ္စ ပေါ်ပေါက်လာသည် မဟုတ်ပါလား။?

နောက်ထပ် ထွက်မြောက်ရာကျမ်း၏ ပုံဥပမာကို ကြည့်လျှင် သိုးသငယ်၏ အသားကို စားသောသူသည် အသွေးတော်အားဖြင့် ကာကွယ် ခြင်းခံရပြီး သူတို့မစားမီ ရေနှစ်ခြင်းမခံကြပါ။ ကျမ်းစာက ထိုသူတို့သည် **မိုးတိမ်နှင့် ပင်လယ်ထဲမှာ မောရှေ၌ ဗတ္တိဇံကို ခံကြသည်** ဟု ဆိုပါသည်။ **(၁ကော ၁၀း၂)။**

## မည်သည့်အရာကို အသုံးပြုနိုင်သနည်း?

ယေရှုသည် မုန့်နှင့် ခွက်ကိုယူ၏။ သမ္မာကျမ်းစာတွင် ခွက်ထဲ၌ ဝိုင်ရှိကြောင်း ဖော်ပြမထားပါ။ ယေရှုက ‘စပျစ်ရည်’ကိုတော့ ရည်ညွှန်းသည်။ (လုကာ ၂၂း၁၈၊ မာကု ၁၄း၂၅၊ မဿဲ ၂၆း၂၉)။

သက်တမ်းရင့်ပြီဖြစ်သော အသင်းတော်ဂိုဏ်းကဏ္ဍများတွင် အရက် ပါဝင်သော ဝိုင် (ဝိုင်အစစ်)ကို အသုံးပြုခြင်းသည် သမ္မာကျမ်းစာအတိုင်း ကျင့်သုံးခြင်းဟု ယုံကြည်ကြသည်။ ခေတ်သစ်အသင်းတော်ဂိုဏ်းကဏ္ဍ များကမူ စပျစ်သီးအရည်ကိုသာ အသုံးပြုကြသည်။ ကျမ်းစာ၌ ခွက်တွင် ပါရှိသည့် အမျိုးအစားသည် အရက်ပါဝင်မှုရှိမရှိကို ဖော်ပြခြင်းမရှိပါ။ ထို့ကြောင့် သောက်ဖို့အသုံးပြုမည့် ကိစ္စနှင့်စပ်လျဉ်း၍ အတိအကျ မပြောသင့်ပေ။

ဝိညာဉ်တော်နှင့်ပြည့်ဝပြီး အသစ်တဖန်မွေးဖွားသော အသင်းတော်များ သည် စပျစ်ရည် သို့မဟုတ် အချိုရည်ကိုသာ အသုံးပြုကြသည်။ ထိုသို့ ဆိုလျှင် ယသခေ ယသူေ (သို့) အခြားသော အချိုရည်ကို အသုံးပြုလို့ ရပါသလား? လက်ဖက်ရည်ကို အသုံးပြုသင့်ပါသလား?။

မြို့နှင့်ဝေးလံသော ရွာတို့တွင် မုန့်နှင့်စပျစ်ရည်ဝယ်ရန် ဆိုင်မရှိပါ။ သူတို့ ကိုယ်တိုင် စိုက်ပျိုးရမည်လော?။ သူတို့၏ ပုံမှန်အစားအစာများသာ ရှိပြီး ပေါင်မုန့်မရှိလျှင် မည်သို့ပြုရမည်နည်း?

ပွဲတော်မင်္ဂလာကို သုံးဆောင်သည့်အခါ သခင်ဘုရားကို အောက်မေ့ ရမည့်အချိန်ဖြစ်သည့်အတွက် ဤမေးခွန်းများကို လက်တွေ့ကျကျ အဖြေ ပေးရမည်။

ရှာဥ်ရှိသောသင့်အိမ်တွင် ယေရှုရောက်လာလျှင် ထိုအချိန်၌ သင့်မှာ ရှိသော အရာသည် ထမင်းနှင့် ရိုးရိုးရေသာ ဆိုလျှင် ယေရှုသည် သင်နှင့်အတူ စားသောက်မည်လော။? သင့်ကလေးများနှင့်အတူ စားသောက်ရန် ငြင်းမည်လော။?

**ဤအရာများကို စဉ်းစားပါ။ ဘိုး၊ ဘေး၊ ဘီ၊ ဘင် သာသနာပြုများထံမှ ဆက်ခံခဲ့သည့် ဘာသာရေးစည်းမျဉ်းဘောင်များ အပေါ် အမှီမပြုပါနှင့်။**